## ယုံကြည်စိတ်ချရသော အချက်အလက် မည်ကဲ့သို့ ရရှိနိုင်မည်နည်း။

ယုံကြည်စိတ်ချရသော အချက်အလက်ရရှိရန်မှာ အရေးကြီးပါသည်။

- အစိုးရမှထုတ်ပြန်သော သတင်းအချက်အလက်များ (ဥပမာ- အင်တာနက်ပေါ်တင်ထားသော သက်ဆိုင်ရာဌာနမှသတင်း) ကို နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။
- ရေဒီယိုနှင့်ရုပ်မြင်သံကြားမှ ထုတ်ပြန်သောသတင်း အချက်အလက်များကို သတိပြုနားထောင်ပါ။
- လူမှုကွန်ယက်မှ သတင်းအချက်အလက်များကို ချင့်ချိန်၍ ယုံကြည်ပါ။

## လက်ကမ်းစာစောင်ထုတ်ဝေသူ


**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
မြို့ပြစီမံကိန်းဌာန
www.ycdc.gov.mm
(အကျိုးတူပူးပေါင်းဆောင်ရွက်သူ)

**ကိုလုံးတက္ကသိုလ်**
ပထဝီဝင်ဌာန
www.geographie.uni-koeln.de/en/

ကိုလုံးရေကြီးမှုကာကွယ်ရေး စင်တာ

ကိုလုံးမီးသတ်ဦးစီးဌာန၊ လုံခြုံရေးသိပ္ပံနှင့်ကယ်ဆယ်ရေးနည်းပညာအဖွဲ့

ဂျာမန်ဘေးအန္တရာယ် လျှော့ချရေးကော်မတီ

မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ

မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

ရန်ကုန်တက္ကသိုလ်

မြို့ပြနှင့်ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနဗဟိုဌာန (ရန်ကုန်တက္ကသိုလ်)

**www.riskurbmyanmar.uni-koeln.de**

နိုဝင်ဘာလ ၂၀၂၀

SPONSORED BY THE
Federal Ministry of Education and Research

Funding No. 01LE1904A
Funding line of sustainable development of urban regions joint projects (NUR)
DLR Project Management Agency, Germany


RiskUrb Myanmar

# ဘေးကင်းရာသို့ ပြောင်းရွှေ့ခြင်း အကြံပေးလက်ကမ်းစာစောင်



Picture: Jakob Schaefer/Getty Images

## ရန်ကုန်၏ဘေးအန္တရာယ်အခြေအနေ

ရန်ကုန်မြို့သည် ဘေးအန္တရာယ်အမျိုးမျိုး (ဥပမာ- ငလျင်လှုပ်ခြင်း၊ ရေကြီးရေလျှံခြင်း၊ အပူပိုင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မြစ်ကမ်းပါးပြိုခြင်းနှင့် မီးလောင်ခြင်း) တို့နှင့်ကြုံတွေ့နိုင်ပါသည်။ ထိုဘေးအန္တရာယ် အမျိုးမျိုးကို ရင်ဆိုင်နိုင်ရန် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများမှာ အလွန်အရေးကြီးပါသဖြင့် ဤလက်ကမ်းစာစောင်တွင် ဘေးကင်းရာသို့ ပြောင်းရွှေ့ခြင်းဆိုင်ရာ အချက်အလက်များ ပါဝင်ပါသည်။

## မည်သည့်အချိန်တွင်ဘေးကင်းရာသို့ပြောင်းရွှေ့မည်နည်း။

- တီဗီနှင့် ရေဒီယိုမှ အရေးပေါ်အခြေအနေ ထုတ်ပြန်ချိန်
- အချက်ပေးဥသြနှင့် တာဝန်ရှိသူတို့ ထုတ်ပြန်သည့်သတင်းအချက်အလက်များကို သိရှိချိန်

## မည်သည့်ပစ္စည်းများကိုကိုယ်နှင့်တပါတည်းယူဆောင်ရမည်နည်း။

သင်သည်ဘေးကင်းရာသို့ ပြောင်းရမည်ဆိုလျှင် အိမ်သို့ရက်အနည်းငယ် ကြာသည်အထိ ပြန်လာရမည်မဟုတ်ပါ။ သင့်ပစ္စည်းများကိုလည်း ထုပ်ပိုးချိန်ရမည်မဟုတ်ပါ။ အရေးပေါ်သုံးရန်ပစ္စည်းများကို ရေစိုခံအိတ်ဖြင့် ကြိုတင်ထည့်ထားသင့်ပါသည်။ သင်နှင့် တစ်ပါတည်းယူဆောင်ရမည့် ပစ္စည်းစာရင်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁။ အရေးကြီးစာရွက်စာတမ်းများ (မှတ်ပုံတင်ကတ်၊ အောင်လက်မှတ်များ၊ သန်းခေါင်စာရင်း၊ ပိုင်ဆိုင်မှုစာအုပ်များ၊ စာချုပ်များ၊ မြေဂရံ၊ အာမခံစာရွက်စာတမ်းများ၊ ဆေးမှတ်တမ်းများ)

၂။ ငွေနှင့်အဖိုးတန်ပစ္စည်းများ

၃။ အရေးပေါ်ဆက်သွယ်ရန်အချက်အလက်များ

၄။ မိသားစုတစ်ဦးချင်း၏ မကြာမီက ရိုက်ထားသော ဓါတ်ပုံများ

၅။ (၃) ရက်စာ ရေဘူး နှင့် ကြာရှည်ခံ အစားအစာများ

၆။ တစ်ကိုယ်ရည်သုံး အသုံးအဆောင်များ

၇။ ခရီးဆောင်ရေဒီယို နှင့် အရံဓာတ်ခဲ

၈။ တယ်လီဖုန်း၊ အားသွင်းကြိုး နှင့် Power bank

၉။ လက်နှိပ်ဓါတ်မီး နှင့် အပိုဓာတ်ခဲ

၁၀။ မီးခြစ်နှင့်ဖယောင်းတိုင်

၁၁။ ရှေးဦးသူနာပြုသေတ္တာနှင့်ဆေးဝါးများ

၁၂။ စောင် နှင့် အဝတ်အစား

ကလေးများအတွက်-ကလေးများ၏လက်တွင် ရေစိုခံလက်ပတ်၌ ကလေး၏ကိုယ်ရေးအချက်အလက် (ဥပမာ- အရေးပေါ်ဆက်သွယ်ရန်လိပ်စာ၊ လိုအပ်လျှင်ဆက်သွယ်ရန်ဆရာဝန်ဖုန်းနံပါတ်၊ ဆေးမှတ်တမ်းတွင် မတည့်သောဆေး၊ ဖျားနာမှုနှင့် ကာကွယ်ဆေးမှတ်တမ်း)

## မည်ကဲ့သို့ဘေးကင်းရာသို့ပြောင်းရွှေ့မည်နည်း။

- ဘေးကင်းရာသို့ရွှေ့ပြောင်းရမည်ဟုသိရလျှင်စိတ်ကိုတည်ငြိမ်အောင်ထားပါ။ အဆောတလျင်ဆောင်ရွက်ပါက မိမိ (သို့) အခြားသူများကို ထိခိုက်စေနိုင်ပါသည်။
- အကယ်၍ အသက်ကြီးသူ (သို့) အကူအညီလိုအပ်သူတို့နှင့် အတူနေလျှင် သူတို့အား ရှေးဦးစွာ မည်ကဲ့သို့ ဘေးကင်းရာသို့ ရွှေ့ပြောင်းနိုင်မည်ကို စဉ်းစားပါ။ မိမိတစ်ယောက်တည်း မစွမ်းဆောင်နိုင်ပါက အခြားကူညီနိုင်မည့်သူများကို ဦးစွာသတင်းပို့ထားပါ။

## ဘယ်ကိုသွားမလဲ။

အတတ်နိုင်ဆုံး လျင်မြန်စွာ အနီးဆုံးကယ်ဆယ်ရေးစခန်း (ဥပမာ- ဘုရားပရဝုဏ်၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ ဘုရားကျောင်း၊ စာသင်ကျောင်းစသည့်နေရာများ) သို့သွားပါ။ ယင်းကယ်ဆယ်ရေးစခန်းတို့၏ တည်နေရာနှင့်လမ်းညွှန်ကို ကြိုတင်၍ သိရှိအောင် လုပ်ထားပါ။ တတ်နိုင်လျှင်ဘေးကင်းရာသို့ ရွှေ့ပြောင်းသည့်လမ်းညွှန်ကို အသုံးပြုပါ။